အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၄၃ | ၄ အောက်တိုဘာ ၂၀၂၃

## မြန်မာ့အရေး ဥရောပ ပါလီမန်နှင့် ဆက်တိုက်တွေ့

**စက်တင်ဘာ ၂၇**

မြန်မာ့အရေးနှင့် ပတ်သက်၍ ဥရောပပါလီမန် ဒုတိယ ဥက္ကဋ္ဌ Ms. Heidi Hautala အပါအဝင် ပါလီမန် အမတ်များ၊ ရေးရာကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများအား အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မျိုးမင်းက စက်တင်ဘာ ၂၅ နှင့် ၂၆ ရက်တို့တွင် ဆက်တိုက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။



စက်တင်ဘာ ၂၅ ရက်က ပါလီမန်ဒုဥက္ကဋ္ဌနှင့် ရုံးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် Mr. Vincze Lora'tnt အပါအဝင် ပါလီမန်အမတ်များနှင့် တွေ့ဆုံကာ မြန်မာ့လူ့အခွင့်အရေး အခြေအနေ၊ ဘက်ပေါင်းစုံမှ ယိုယွင်းလာသည့် အကြမ်းဖက်စစ်အုပ်စု၏ အခြေအနေများ၊ စစ်အုပ်စုထံ လေယာဉ်ပိတ်ဆို့ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား နယ်စပ်ဖြတ်ကျော် ပေးအပ်နိုင်ရေး နည်းလမ်းရှာလုပ်ဆောင်ရန် ကိစ္စများ ဆွေးနွေးခဲ့သည်။



စက်တင်ဘာ ၂၆ ရက်တွင် ပါလီမန်၏ လူ့အခွင့်အရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Bernard Guetta နှင့် ဥရောပသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Eamon Gilmore နှင့် သီးခြားစီ ထပ်မံတွေ့ဆုံခဲ့သည်။ တွေ့ဆုံမှု နှစ်ခုစလုံး၌ NUG အစိုးရ၏ အကောင်အထည်ဖော်နေသည့် လူ့အခွင့်အရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် သံတမန်ရေးဆိုင်ရာ ကိစ္စများ

အား ဆွေးနွေးခဲ့သည်။ ထို့ပြင် ကော်မတီ ဒုဥက္ကဋ္ဌနှင့် တွေ့ဆုံမှု၌ ဥရောပပါလီမန်က ချမှတ်ထားသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်များ ပိုမိုထိရောက်ရန်နှင့် စစ်အုပ်စုကျူးလွန်သည့် နိုင်ငံတကာ ရာဇဝတ်မှုများအတွက် ထိရောက်သည့် အရေးယူ ဆောင်ရွက်ချက်များ ပေါ်ထွန်းရေး၊ လူ့အခွင့်အရေး ကိုယ်စားလှယ်နှင့် တွေ့ဆုံမှု၌ နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည့် လူသားချင်းစာနာထောက် ထားမှုအကူအညီ ရရှိနိုင်ရေး အပြင် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးပေါ် သဘော ထားများ၊ ကုလသမဂ္ဂနှင့် အာဆီယံ၏ မြန်မာ့နိုင်ငံရေးအပေါ် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ များအား အပြန်အလှန် ဆွေးနွေးခဲ့သည်။






မိဘပြည်သူများခင်ဗျာ…
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြား နိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

# စက်တင်ဘာလ ၁၅ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ




# စက်တင်ဘာလ ၁၅ ရက်နေ့မှ ၃၀ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ



## နွေဦးတော်လှန်ရေး Ring 88 ကမ်ပိန်း၌ ပြည်ထောင်စုဝန်ကြီး ပါဝင်

**စက်တင်ဘာ ၂၇**

နွေဦးတော်လှန်ရေးတွင် နည်းပေါင်းစုံ ပါဝင်နေသည့် အင်အားစုများနှင့် ပြည်တွင်းတိမ်းရှောင် ဒုက္ခသည် - IDPs များအား ထောက်ပံ့ကူညီရန် ရည်ရွယ်သည့် Ring 88 ကမ်ပိန်း ပိတ်ပွဲအား စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မျိုးမင်း ပါဝင်ခဲ့သည်။




အဆိုပါ ကမ်ပိန်းအား "အားလုံးဝန်းရံ အောင်ပွဲခံ" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ရာ ရရှိလာသည့် ရန်ပုံငွေ ကျပ်သိန်း ၁,၇၀၀ ကျော်အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF ၊ ဒေသ အခြေပြု ကာကွယ်ရေးအဖွဲ့ - LPDF ၊ မြို့ပြပြောက်ကျား - UG ၊ အကြမ်းမဖက် အာဏာဖီဆန်မှု၌ ပါဝင်သည့် ပြည်သူ့ဝန်ထမ်း CDM များနှင့် IDPs များသို့ ပို့ဆောင်ကူညီသွားမည် ဖြစ်သည်။

## အရပ်ဘက်အခန်းကဏ္ဍ ကုလဆက်စပ်အစည်းအဝေး၌ မြန်မာ့အရေး ဆွေးနွေး

**စက်တင်ဘာ ၂၃**



ကုလသမဂ္ဂ အထွေထွေညီလာခံအတွင်း IOC ၊ IDB နှင့် UNDP တို့ ပူးတွဲပြုလုပ်သည့် အရပ်ဘက်အဖွဲ့အစည်းများ အခန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဆက်စပ်အစည်းအဝေး ပြုလုပ်ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုး တက်ရောက်ကာ မြန်မာ့အရေး ဆွေးနွေးခဲ့သည်။

ယင်းအစည်းအဝေးသို့ ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ်နှင့် IDB ဘဏ်တာဝန်ရှိသူများပါ တက်ရောက်ခဲ့ကာ မြန်မာ့အရေးနှင့် ပတ်သက်၍ ရိုဟင်ဂျာအရေး အပါအဝင် မြန်မာ့ဒီမိုကရေစီရေးအား ကူညီပေးနိုင်ရေး လိုအပ်ချက်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

# တီမောသမ္မတနှင့် ကုလညီလာခံ၌ NUG ဝန်ကြီးများ မြန်မာ့အရေး ဆွေးနွေး

စက်တင်ဘာ ၂၂ - ၂၃



၇၈ ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံအား အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ကျင်းပစဉ် ညီလာခံသို့ တက်ရောက်လာသည့် အရှေ့တီမောသမ္မတ Jose Ramos Horta နှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ဝန်ကြီးများ သီးခြားတွေ့ဆုံကာ မြန်မာ့အရေး တိုင်ပင်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ၌ NUG ဘက်မှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဒေါ်ဇင်မာအောင် (နိုင်ငံခြားရေး)၊ ဒေါက်တာဇော်ဝေ စိုး (ပညာရေး/ကျန်းမာရေး)၊ ဒုဝန်ကြီးများဖြစ်သည့် ဦးမိုးဇော်ဦး (နိုင်ငံခြားရေး)၊ ဦးကျော်မိုးထွန်း (လူ့အခွင့်အရေး) နှင့် သံအမတ်ကြီး ဦးကျော်မိုးထွန်းတို့ ပါဝင်ခဲ့ကာ အရှေ့တီမော်နိုင်ငံနှင့် NUG အကြား ရှေ့ဆက်လုပ်ဆောင်မည့် ကိစ္စများအပြင် နိုင်ငံတကာ ထောက်ခံမှု ရရှိရေးကိစ္စများအား အဓိကထား ဆွေးနွေးခဲ့သည်။

အရှေ့တီမောသမ္မတမှာ ညီလာခံအတွင်း မိန့်ခွန်းပြောကြားစဉ် ၌လည်း မြန်မာနိုင်ငံအကြောင်းအား ထည့်သွင်း ပြောဆိုခဲ့သည့်



အပြင် မြန်မာပြည်သူများအား နိုင်ငံတကာမှ ကူညီကြရန်လည်း တိုက်တွန်းခဲ့သည်။

ကုလညီလာခံသို့ ရောက်ရှိနေသည့် NUG အစိုးရအဖွဲ့ဝင်များသည် ကမ္ဘာ့ခေါင်းဆောင်ဟောင်းများနှင့် စုဖွဲ့ထားသည့် The Elders ဥက္ကဋ္ဌ အပါအဝင် ၎င်းအဖွဲ့ဝင် သမ္မတဟောင်းအချို့နှင့်ပါ တွေ့ဆုံခဲ့သေးသည်။

ထိုတွေ့ဆုံမှုအတွင်း နိုဝင်ဘာလ၌ ပြုလုပ်မည့် ကုလသမဂ္ဂ အရည်အချင်းစစ်ကော်မတီ အစည်းအဝေးနှင့် နိုင်ငံကိုယ်စားပြုအဖြစ် NUG မှ စေလွှတ်သည့် လက်ရှိ မြန်မာနိုင်ငံဆိုင်ရာ ကုလကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းအား ဆက်လက်ထားရှိရန် ကိစ္စများ ဆွေးနွေးခဲ့သည်။

# မြန်မာစစ်တပ်အား အရေးယူနိုင်ရေး ဆက်ကြိုးပမ်းမည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဌာန ကတိပေး

**စက်တင်ဘာ - ၁၃**



မြန်မာစစ်တပ်က ကျူးလွန်နေသည့် အကြမ်းဖက်ရက်စက်မှုများအား အရေးယူနိုင်ရေးဆက်လက်ကြိုးပမ်းသွားမည် ဟု ကန်အာရှနှင့် ပစိဖိတ်ဆိုင်ရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး Daniel Joseph Kritenbrink က အမျိုးသားညီညွတ်ရေးအစိုးရ – NUG ဝန်ကြီးအဖွဲ့နှင့် တွေ့ဆုံစဉ် ကတိပေးခဲ့သည်။

၇၈ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆက်စပ်တွေ့ဆုံမှုအဖြစ် NUG ဝန်ကြီးများနှင့် တွေ့ဆုံစဉ် ထိုသို့ကတိပြုခဲ့ခြင်းဖြစ်ကာ တွေ့ဆုံမှု၌ NUG ပြည်ထောင်စု ဝန်ကြီးများဖြစ်သည့် ဦးထင်လင်းအောင် (ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)၊ ဒေါ်ဇင်မာအောင် (နိုင်ငံခြားရေးဝန်ကြီးဌာန) နှင့် ဒုဝန်ကြီး ဦးမိုးဇော်ဦး၊ ဦးအောင်ကျော်မိုး (ဒုဝန်ကြီး-လူ့အခွင့်အရေး)၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်း သံအမတ်ကြီး ဦးကျော်မိုးထွန်းတို့ ပါဝင်ခဲ့သည်။

တွေ့ဆုံမှုအတွင်း ပြောဆိုခဲ့မှုများနှင့် ပတ်သက်၍ အမေရိကန်၏ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုကလည်း ၎င်းတို့၏ တွစ်တာ၌ "၇၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ #UNGA78 ကာလအတွင်း ကိုယ်စားလှယ်များသည် မြန်မာစစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုများအပေါ် တာဝန်ခံမှုမြှင့်တင်ရန် အမေရိကန်ပြည်ထောင်စု၏ မယိမ်းယိုင်သောကတိကဝတ်ကို ကျွန်ုပ်တို့ ထပ်မံအတည်ပြုခဲ့ပါသည်" ဟု ဖော်ပြထားသည်။

အမေရိကန် ဒုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မဲလဆာ အေဘရောင်းကလည်း ကုလညီလာခံ ကျင်းပနေစဉ်အတွင်း စက်တင်ဘာ ၁၃ ရက်က လူ့အခွင့်အရေးကော်မရှင် ရှေ့မှောက်၌ "မြန်မာနိုင်ငံတွင်းက ပိုပြီးဆိုးရွားလာနေတဲ့အခြေအနေတွေက စိုးရိမ်ဖွယ်ရာ လူ့အခွင့်အရေးအကျပ်အတည်းတစ်ခုကို ဖော်ပြနေပြီး ဒေသတွင်းတည်ငြိမ်မှုအတွက် ကြီးထွားလာတဲ့ ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနေပါတယ် လူ့အခွင့်အရေးကို လေးစားတဲ့ အားလုံးပါဝင်နိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ဆီသွားမယ့် လမ်းကြောင်းပေါ် တိုင်းပြည်ကို ပြန်လည်ပို့ဆောင်ဖို့အတွက် မြန်မာနိုင်ငံထဲက အကျပ်အတည်းကို ဖြေရှင်းနိုင်ဖို့ အမေရိကန်အစိုးရရဲ့ လေးနက်တဲ့ သန္နိဋ္ဌာန်က ဆက်လက်တည်မြဲလျက်ပါ" ဟု ထွက်ဆိုထားသည်။



# ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေး အကူအညီများ ရနိုင်ရေး IDEA နှင့် ဒုဝန်ကြီး ဆွေးနွေး

**စက်တင်ဘာ ၂၂**




e

မြန်မာနိုင်ငံ၌ အားလုံးပါဝင်နိုင်သော ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးလုပ်ငန်းစဉ်၌ ပံ့ပိုးကူညီမှုများ ရရှိရေးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG နှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရေး ကိစ္စများအတွက် International IDEA အထွေထွေအတွင်းရေးမှူးချုပ် Kevin Casas Zamora နှင့် NUG လူ့အခွင့်အရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးတို့ တွေ့ဆုံခဲ့သည်။

ဒုဝန်ကြီးသည် မြန်မာ့ဒီမုကရေစီအရေး ဆက်လက်ကူညီပေးနိုင်ရေးအတွက် အမေရိကန် လွှတ်တော်အမတ် Iihan Abdullahi Omar နှင့် သီးခြားစီ တွေ့ဆုံခဲ့သေးကာ တွေ့ဆုံမှု၌ ရိုဟင်ဂျာနှင့် လူနည်းစုများအရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များကိုပါ ထည့်သွင်းဆွေးနွေးခဲ့သည်။

အမေရိကန်လွှတ်တော်အမတ်Ilhan Abdullahi Omar နဲ့ တွေ့ဆုံပြီး မြန်မာ့ဒီမိုကရေစီအရေးဆက်လက်ကူညီပေးရေး၊ ရိုဟင်ဂျာရေးနှင့် လူနည်းစုများအရေး ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုအကူအညီပေးရေးကိစ္စများဆွေးနွေးခဲ့ကြပါတယ်။

# “တိုက်ခိုက်ရင်းနဲ့ မဟုတ်ဘဲ သတင်းအရ စစ်မေးပြီး သတ်ဖြတ်ခံရတာ”

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာများအား အကြမ်းဖက် စစ်အုပ်စုနှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အတွင်း ရွာစဉ်လှည့် စစ်ကြောင်းထိုးစဉ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် လေးဦးအပြင် အရပ်သား လေးဦးအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။

စစ်ကြောင်းထိုးမှုကို တပ်မ ၃၃ နှင့် ရဲတပ်ရင်း ၁၃ မှ ပူးပေါင်းအင်အား ၁၀၀ ဝန်းကျင်ခန့်ဖြင့် စစ်ကြောင်းထိုးခဲ့ခြင်း ဖြစ်ကာ ဓားစာခံ ဖမ်းဆီးမှုများအပြင် ဓားစာခံအား သတ်ဖြတ်ခြင်း၊ နေအိမ်များအား ချိတ်ပိတ်သိမ်းခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား အဓမ္မ သိမ်းယူခြင်းတို့ ကျူးလွန်ခဲ့သည့်အပြင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ လက်နက် ထုတ်လုပ်ရေးဂိုထောင်တစ်ခုလည်း ဖျက်ဆီးခံခဲ့ရသည်။ ရွာစဉ်လှည့် စစ်ကြောင်းထိုး သတ်ဖြတ်၊ လုယက်မှုများကြောင့် ညောင်ကုန်း၊ သလွန်ဖြူ၊ ကြွယ်လူး၊ ဒေါင်းမ၊ စင်မြေ၊ မအူပင်၊ သဲကြီး နှင့် မအူ (လေး) ရွာ စသည့် ကျေးရွာပေါင်း ၁၁ ရွာမှ ဒေသခံပြည်သူ ၁၀,၀၀၀ ကျော်မှာ စစ်ရှောင်နေကြရသည်။

“ဒီစစ်ကိုင်းမြို့နယ်ဆိုရင် မြို့ရဲ့အနောက်ပိုင်း၊ ငါးထပ်ကြီးဘုရားအနောက်ဘက်မှာရှိနေတဲ့ ရွာတွေဖြစ်ပါတယ်။ အဲဒီရွာတွေကို

စစ်ကောင်စီရဲ့တပ်တွေက စက်တင်ဘာလ ၁၆ ရက်မှာ စတင်ပြီးတော့ ဝင်ရောက်ခဲ့တယ်။ အင်အား အယောက် ၁၀၀ ဝန်းကျင်လောက်ရှိတယ်။ ငါးထပ်ကြီးဘုရားမှာရှိတဲ့ လင်းသီရိ လက်ဖက်ရည်ဆိုင်ကနေပြီးတော့ ခားစာခံ ၁၇ ယောက်ကို ခေါ်ခဲ့တယ်။ ဖမ်းခဲ့ပြီးတော့ သူတို့တွေက သလွန်ဖြူ ကျေးရွာကို သွားခဲ့ပါတယ်။ ကျေးရွာကိုရောက်ပြီးတော့ ခုနက ခားစာခံ ၁၇ ယောက်ကို မေးမြန်းပြီးတော့ ရွှေဘုံသာဘုန်းကြီးကျောင်းထဲမှာ ထားထားပါတယ်။ အဲ့ဒီမှာ ခားစားခံထဲက အောင်သူထွန်းလို့ခေါ်တဲ့ အသက် ၂၀ ရှိတဲ့ ဒီသလွန်ဖြူရွာသားကို အဲ့ဒီနေ့မှာ သတ်ပစ်ခဲ့ပါတယ်။ နောက်တစ်ခါ ဒီပေါက်လှကျွန်းမှာ ရှိနေတဲ့ ချစ်တီးရယ်၊ နောက်တစ်ခါ လင်းယဉ်က တစ်ယောက်ရယ် ကိုလည်း အဲ့ဒီရွှေဘုံသာ ဘုန်းကြီးကျောင်းနဲ့ သိပ်မဝေးတဲ့ နောက်ချေးကျွန်းကျောင်းရဲ့ အနောက်ပေါက်မှာပဲ သတ်ပစ်ထားခဲ့ပါတယ်။ ၁၆ရက်နေ့မှာ သူတို့တွေ ရွှေဘုံသာဘုန်းကြီးကျောင်းမှာ တပ်ချပြီးတော့ နေတယ်။ ၁၇ ရက်နေ့ရောက်တဲ့ အခါမှာ ကြွယ်လူးရွာမှာ ရှိနေတဲ့ ကိုမိုးသဲအိမ်ရယ်၊ စစ်ကိုင်းမြို့ပေါ် Hello ဆိုတဲ့ဖုန်းဆိုင်ပေါ့နော်။ အဲဒီဖုန်းဆိုင်ရဲ့ ကြွယ်လူးရွာမှာရှိတဲ့ မိဘများအိမ်ရယ်၊ ဦးသံဆိုတဲ့အိမ်တွေကို PDF အထောက်အပံ့များဆိုပြီး ချိတ်ပိတ်ပါတယ်။ နောက်ပြီး အဲဒီအိမ်တွေဘေးမှာရှိနေတဲ့ ကိုချစ်သူအိမ်ကိုလည်းပဲ အိမ်တိုင်တွေကို ခားတွေနဲ့ခုတ်တယ်၊ ကြိုးတွေနဲ့လည်းဆွဲလှဲတယ်။ ၁၇ ရက်နေ့ ညနေပိုင်းမှာ သူတို့ ၁၆ ရက်နေ့က သတ်လိုက်တဲ့ အောင်သူထွန်းရဲ့ မိန်းမကို လှမ်းခေါ်ပါတယ်။ နင့်အမျိုးသား အလောင်းကို လိုချင်လာခဲ့လို့ခေါ်တော့ သူ့အမျိုးသမီးရောက်လာတယ်။ ရိုက်နှက်စစ်ဆေးတယ်၊ အလောင်းလိုချင်ရင် ဖော်ရမယ်ပြောတယ်။ သူတို့ရိုက်နှက်စစ်ဆေးတော့ ကြောက်ပြီး တဲကြီးဘက် ပြေးသွားတယ်လို့ ပြန်ဖြေပါတယ်။ စက်တင်ဘာ ၁၈ နံနက် ၅နာရီခန့်မှာ တဲကြီးရွာဘက်ကို စစ်ကြောင်းထိုးပါတယ်။ အဲဒီက အောင်နိုင် ၃၈ နှစ်နှင့် စံဖဲ ၂၈ နှစ်ကို သတ်ပါတယ်။ သူတို့ရဲ့ ထုတ်လုပ်ရေး ဂိုဒေါင်ကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ ၁၈ ရက်နေ့ သဲကြီးကိုစစ်ကြောင်းထိုးပြီးတော့ သူတို့ တပ်ချရာ သလွန်ဖြူ၊ ရွှေဘုံသာဘုန်းကြီးကျောင်းကို ပြန်လာတယ်။ စက်တင်ဘာ ၁၉ရက် နံနက် ၄:၁၅ လောက်မှာ အိမ်စီးကား ၂စီး၊ Light Truck ကား တစ်စီးရယ်နဲ့ သူတို့ ထွက်လာတယ်။ ၄ နာရီခွဲလောက်မှာ ဒေါင်းမရွာကိုရောက်တယ်။ ၄:၄၅လောက်မှာ ကိုနီသန့်ရဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ပြီးတော့မှ အဲဒီမှာရှိနေတဲ့ ဇေလုဝနဲ့ နောက်တစ်ယောက်ရယ်ကို ဖမ်းဆီးသွားပါတယ်။ တစ်နေ ကုန်စစ်ဆေးပြီး အဲဒီ ဇေလုဝနဲ့ အမည်မသိ တစ်ယောက်ကို ညနေ ၃နာရီလောက်မှာ သတ်မယ်ဆိုပြီး ကားပေါ်ကိုတင်တာ အမည်မသိတစ်ယောက်က ထွက်ပြေးလွတ်မြောက်သွားတယ်။ ဇေလုဝကတော့ ဒေါင်းမသုသာန်ကို ရောက်ပြီး အဲဒီက ယာခင်းထဲမှာပဲ သတ်ဖြတ်ထားခဲ့ပါတယ်။ ကိုဇေလုဝကကျတော့ တိုက်ခိုက်ရင်းနဲ့ မဟုတ်ဘဲ သတင်းအရစစ်မေးပြီး သတ်ဖြတ်ခံရတာ ဖြစ်ပါတယ်။ ၁၉ ရက်နေ့မှာပဲ ဒေါင်းမရွာမှာ အထိုင်ချပြီး အဲဒီရွာပတ်ပတ်လည်မှာရှိတဲ့ မအူပင်ကုန်းတန်းလေး၊ မအူပင် အရှေ့ရွာ၊ အနောက်ရွာ၊ စင်မြေတွေကို လက်နက်ကြီးတွေနဲ့ ၇လုံးလောက်ထုပါတယ်။ တစ်နေ့ကုန် လှမ်းထုတယ်။ ၂၀ရက်နေ့ နံနက် ၃:၁၅လောက်ကျမှ သေနတ်တွေနဲ့ တရစပ်ပစ်ပြီး ဒေါင်းမရွာကနေ တပ်ဆုတ်လာပါတယ်။ သူတို့စစ်ကြောင်းက အဲဒီက ပြန်ဆုတ်သွားပြီး ဒီနေ့မှ တပ်တွေ အားလုံး ပြန်လည်ထွက်ခွာသွားပါတယ်။ ဒါက ၂၀ရက်နေ့ ထိပါ။ ချိတ်ပိတ်ခံလိုက်ရတာက ၃အိမ်၊ ၁အိမ်က ဖျက်ဆီးခံရတာ။ စုစုပေါင်း ၄ အိမ်၊ ကြွယ်လူးတစ်ရွာတည်းပါ။ အိမ်နဲ့ ဆိုင်တွဲလျက် ဆိုင်ခန်း ၁၀ ခန်းကျော် မီးရှို့ခံရတယ်။ ကြွယ်လူးရွာက ဆန်ပိုင်း ၂၀နဲ့ ရွာထဲက ပရိဘောဂ ပစ္စည်းတွေ တနေ့ကုန် ကားနဲ့ တိုက်သယ်သွားတာပါ။ ရေခဲသေတ္တာတွေ ဘာတွေ ပါသွားတယ်ကြားရတယ်။ ကျွန်မတို့ အနောက်နယ်က ကျောက်စိမ်းပုတီးလုပ်တာဆိုတော့ ကျောက်စိမ်းတွေလည်း သယ်သွားတယ်လို့ သိရတယ်”

\- **နွေဦးမေ (ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်၊ စစ်ကိုင်းမြို့နယ်)**

*(စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာ ၁၁ ရွာအား အကြမ်းဖက်စစ်တပ်နှင့် ရဲတပ်ဖွဲ့များက စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အတွင်း ဆက်တိုက်ရွာစဉ်လှည့် စစ်ကြောင်းထိုးစဉ်အတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် လေးဦးနှင့် အရပ်သား လေးဦး သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ကိုင်းမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင် နွေဦးမေအား ဆက်သွယ်မေးမြန်းခြင်း)*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၁၃၁

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၁၃၁ ဦး သေဆုံးခဲ့သည်။

## ၂၄,၈၅၈

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၄,၈၅၈ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၂၆၈ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၇,၃၉၆ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၅၃ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေး သူ ပေါင်း ၁၅၃ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် ဗျက်ကွယ်သေဒဏ် ချမှတ်ခံရသူ များတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၁၀ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်း ခံထားရဆဲ ဖြစ်သည်။

## ၁,၄၄၃ (စစ်ကိုင်း - ၈၃၂)

နိုင်ငံတစ်ဝန်း အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးထိန်းသိမ်း ပြီးနောက် သတ်ဖြတ်ခံရသူမှာ အာဏာစသိမ်းချိန်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်အထိ ၁,၄၃၃ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ၃၂၄ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၆၄၉ ဦးနှင့် ၂၀၂၃ ခုနှစ် နှစ်စမှ စက်တင်ဘာ ၂၉ ရက်အတွင်း ၄၇၀ ဦး ရှိပြီ ဖြစ်သည်။ ထိုသို့ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သတ်ဖြတ်ခံရမှု အများဆုံးဖြစ်ပွားဒေသမှာ စစ်ကိုင်းတိုင်းဖြစ်ပြီး ၈၃၂ ဦးအထိ သေဆုံးထားရသည်။

## နဘူးအိုင် CDM - စစ်အုပ်စု

မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ နဘူးအိုင်ကျေးရွာနေ စိုက်ပျိုးရေး ဌာန အကြမ်းမဖက် လှုပ်ရှားမှု၌ ပါဝင်သည့် CDM ဝန်ထမ်းများ ဖြစ်သည့် ကိုသိန်းဆွေဦး (ခ) ကတုံးနှင့် ဖခင်ဖြစ်သူ ဦးလှဖေ အား အကြမ်းဖက်စစ်အုပ်စုနှင့် ပျူစောထီး အင်အား ၂၅ ဦးခန့်က စက်တင်ဘာ ၂၄ ရက်တွင် ဝင်ရောက်ဖမ်းဆီး ပြီးနောက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခံထားရသည့် ဒဏ်ရာများဖြင့် ပေါက်စိမ်းလမ်းခွဲ အရှေ့ဘက်ဇရပ်၌ ပြန်လည်တွေ့ရှိခဲ့ရသည်။

## ၈၆,၀၀၀

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းပြီး နှစ်နှစ်ခွဲကျော်ကာလ အတွင်း မြို့နယ်ပေါင်း ၁၁၀ ထက်မနည်းမှ အများပြည်သူပိုင် နေအိမ်နှင့် ဘာသာရေး အဆောက်အအုံအပါအဝင် စုစုပေါင်း ၈၆,၁၃၄ အား မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့သို့ ဖျက်ဆီးရာ၌ ၂၀၂၂ ခုနှစ်အတွင်း အများဆုံးဖြစ်သည ၆၄ ရာခိုင်နှုန်းကျော် ဖြစ်သည့် ၅၅,၇၀၇ လုံးထက်မနည်းအား တစ်နှစ်အတွင်း မီးရှို့ဖျက်ဆီးထားခြင်း ဖြစ်သည်။

## စစ်ကိုင်း ၆၂,၂၉၄ - ၇၂ %

နိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်က မီးရှို့ဖျက်ဆီးမှု များအား အာဏာသိမ်းပြီးချိန်ကတည်းက ဆက်တိုက် ကျူးလွန်ခဲ့ရာ စစ်ကိုင်းတိုင်းတစ်ခုတည်း၌ နေအိမ်နှင့် ဘာသာရေး အဆောက်အဦ စုစုပေါင်း ၆၂,၂၉၄ ထက်မနည်း ပျက်စီးခဲ့ ရသည်။ ယင်းပမာဏသည် တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီးခံရမှု စုစုပေါင်းပမာဏ၏ ၇၂ ရာခိုင်နှုန်းကျော်အထိ ရှိသည်။

**ကိုးကား - AAPP, ISP Myammar**